မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၄ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်တင်အောင်ချစ် အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**ပြည်ထောင်စုဝန်ကြီးများ ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ၎င်းတို့၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည် -

(၁) ဦးအောင်ကြည် ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဒေါက်တာဖေသက်ခင် ကျန်းမာရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်ငွေ<br>ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |
| (ခ) | ဦးလှမိုး<br>ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |

၂။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းအောင်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့အသေးစားငွေရေးကြေးရေး<br>ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အသေးစားငွေရေးကြေးရေး<br>ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာလှတင့်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာတင်မောင်ထွန်း<br>ဒုတိယပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာသက်ထွန်းအောင်<br>ဒုတိယပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာကြည်စိုး<br>ဒုတိယပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာသူရဦး<br>ဒုတိယပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (ဆ) | ဒေါက်တာတင်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာတင်မောင်လှ<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဦးချို<br>ဒုတိယပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ည) | ဒေါက်တာဝင်းနိုင်<br>ဒုတိယပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဋ) | ဒေါက်တာမောင်မောင်<br>ဒုတိယပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာဒေါ်တင်မာကြည်<br>ဒုတိယပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၁၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၂၃၂၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးရဲထွဋ် ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဒေါက်တာသန်းအောင် ကျန်းမာရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

## ၂၀၁၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"၂၀၁၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးနန္ဒကျော်စွာ — နာယက
ဒုတိယနာယက
ပြည်ထောင်စုလွှတ်တော်

(ခ) ဦးမြညိမ်း — နာယက
ဒုတိယဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

(ဂ) ဦးဌေးဦး — ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဟသ်ာတမဲဆန္ဒနယ်
ဧရာဝတီတိုင်းဒေသကြီး
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်
နိုင်ငံသားများ၏မူလအခွင့်အရေး၊
ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီ

| | | |
|---|---|---|
| (ဃ) | ဦးဇော်မြင့်ဖေ<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>မဲဆန္ဒနယ်အမှတ် (၅)<br>မန္တလေးတိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ |
| (င) | ဦးသိန်းဇော်<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>မြစ်ကြီးနားမဲဆန္ဒနယ်<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးလှမြင့်ဦး<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ပျဉ်းမနားမဲဆန္ဒနယ်<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ထွန်း<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>မဲဆန္ဒနယ်အမှတ် (၁၁)<br>မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်တိုး<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>မင်းလှမဲဆန္ဒနယ်<br>ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးငွေးဝင်း<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>လယ်ဝေးမဲဆန္ဒနယ်<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်ငွေး<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>မဲဆန္ဒနယ်အမှတ် (၁၀)<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဋ) | ဦးမှတ်ကြီး<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>မဲဆန္ဒနယ်အမှတ် (၉)<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဌ) | ဦးမြင့်စိုး<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ပျော်ဘွယ်မဲဆန္ဒနယ်<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဍ) | ဦးကျော်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အတွင်းရေးမှူး |
| (ဎ) | ဦးတင်ဝင်းအောင်<br>ခေတ္တညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး | တွဲဖက်အတွင်းရေးမှူး (၁) |

(ဏ) ဦးကြည်မင်း တွဲဖက်အတွင်းရေးမှူး (၂)
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ**
**တွဲဖက်အတွင်းရေးမှူး ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၄) ပါ အပိုဒ် ၄ နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ဥက္ကဋ္ဌ၏ တင်ပြချက်အရ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ် (၆) မဲဆန္ဒနယ် **အစား** အဖွဲ့ဝင် ဦးစံပြည့် ကချင်ပြည်နယ်၊ အမှတ် (၇) မဲဆန္ဒနယ်အား တွဲဖက်အတွင်းရေးမှူး အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၄။ )

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) **မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း**ဆိုသည်မှာ ဖမ်းဆီးစုဆောင်းရရှိသော မုတ်ကောင်များကိုဖြစ်စေ၊ စပက်ကော်လက်တာများဖြင့် မွေးမြူထားသော သားပေါက်မုတ်ကောင်ငယ်များကိုဖြစ်စေ၊ မွေးမြူထားသော မုတ်ကောင်များကိုဖြစ်စေ၊ ပုလဲဝတ်ဆံသွင်းထားသည့် မုတ်ကောင်များကိုဖြစ်စေ မွေးမြူပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) **ပုလဲမွေးမြူခြင်းလုပ်ငန်း**ဆိုသည်မှာ မုတ်ကောင်များကို ခွဲစိတ်ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံသွင်းပြီးသော မုတ်ကောင်များကို ပင်လယ်ပြင်အတွင်း ချထားမွေးမြူခြင်း၊ ခွဲစိတ်ပုလဲဖော်ခြင်း၊ ပုလဲဖော်ပြီးသောမုတ်ကောင်များကို ပြန်လည်ဝတ်ဆံသွင်းခြင်းလုပ်ငန်းကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဏ) တွင် ပါရှိသော "သတ္တုတွင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပြည်ထောင်စုအစိုးရ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (တ) ၏နောက်၌ ပုဒ်မခွဲ (ထ) နှင့် (ဒ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ထ) **စပက်ကော်လက်တာ**ဆိုသည်မှာ ဓာတ်ခွဲခန်းအတွင်း၌ မုတ်ကောင်အထီးနှင့် မုတ်ကောင်အမတို့အား မျိုးစပ်၍ ရရှိလာသော မုတ်ကောင်သားပေါက်ငယ်များ တွယ်ကပ်နေသည့် ကြိုးထုံးသို့မဟုတ် အမာခံပစ္စည်းကို ဆိုသည်။

(ဒ) **တန်ဖိုးဖြတ်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုလဲတန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။"

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) ၏နောက်၌ ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပင်လယ်ပြင်နှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး စီမံဆောင်ရွက်ရန်။"

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ တင်သွင်းသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) အရ တင်သွင်းသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။"

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၇ တွင် ပါရှိသော "ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုဝန်ကြီး၏သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ အခန်း (၄) ခေါင်းစဉ်အား အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၄)**

**ခွင့်ပြုမိန့်ရရှိသူ၏တာဝန်နှင့်အခွင့်အရေးများ"**

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ (ဂ) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။"

၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ၏နောက်၌ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုမိန့်ရရှိသူသည် မုတ်ကောင်တစ်ကောင်အား တစ်ကြိမ် ဝတ်ဆံသွင်းလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် နိုင်ငံတော်သို့ အခွန်အဖြစ် ပေးဆောင်ရမည်။

(င) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည် -

(၁) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေပေါ်ရေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ပုလဲထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၌ မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

(စ) ထုတ်လုပ်ရရှိသည့်ပုလဲများကို ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူ၍ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(ဆ) ထုတ်လုပ်ရရှိသည့်ပုလဲများကို နိုင်ငံခြားသို့ နိုင်ငံခြားငွေဖြင့် တင်ပို့ရောင်းချခွင့်ရှိသည်။

(ဇ) ထုတ်လုပ်ရရှိသည့်ပုလဲများကို နိုင်ငံခြားမှ ရတနာကုန်သည်များအား ဖိတ်ခေါ်၍ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ မိမိအစီအစဉ်ဖြင့် ရောင်းချခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ (ဃ) အရ အခွန်ပေးဆောင်ပြီးနောက် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် ငွေကြေးဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ထပ်မံပေးဆောင်ရခြင်း မရှိစေရ။"

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) ၏နောက်၌ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(ဃ) မုတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(င) ပုလဲမွေးမြူရေး၊ ရေငုပ်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း။"

၁၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၁၈ ၌ ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၄ တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူးသည်" ဆိုသည့် စကားရပ်၏နောက်၌ "ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ အခန်း (၁၁) ၏နောက်၌ အခန်း (၁၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"အခန်း (၁၂)**

**တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ**

၂၅။ ဝန်ကြီးဌာနသည် -

(က) လုပ်ငန်းတစ်ခုခုမှ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်တစ်ဦးကို ဦးဆောင်စေပြီး ပုလဲဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများ ပါဝင်စေလျက် အဖွဲ့ဝင် အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးဖြင့် တန်ဖိုးဖြတ်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၆။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုမိန့်ရရှိသူများက လာရောက်ပြသသော ပုလဲများ၏အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဂ) အစိုးရဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်ပေးသည့် ပုလဲတန်ဖိုးအပေါ် ကျေနပ်မှုမရှိပါက တန်ဖိုးပြင်ဆင်သတ်မှတ်ပေးရန်အတွက် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနသည် -

(က) ပစ္စည်းတန်ဖိုးများကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ သတ်မှတ်ချက်အတိုင်း အတည်ပြုနိုင်သည်။"

၁၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ အခန်း (၁၂) နှင့် အခန်း (၁၃) တို့ကို အခန်း (၁၃) နှင့် အခန်း (၁၄) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၂ ကို ပယ်ဖျက်ရမည်။

၁၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၅ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၃၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းငါးဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၂၉ အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

၁၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပုဒ်မ ၂၆ ကို ပုဒ်မ ၃၀ အဖြစ် အမှတ်စဉ်ပြောင်းလဲ၍ အောက်ပါအတိုင်း အစားထိုးရမည် -

"၃၀။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဒ်မ ၉ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၇ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၁ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၈ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၅၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းငါးဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၂ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၉ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၃ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၂၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၀ တွင် ပါရှိသော "မည်သည့်ပြည်သူ့ဝန်ထမ်းမဆို" ဆိုသည့် စကားရပ်ကို "မည်သူမဆို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၄ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၂၁။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၁၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်တစ်ဆယ်သိန်း' ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်းပုဒ်မကို ပုဒ်မ ၃၅ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၂၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် ၃၇ တို့ကို ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၂၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပုဒ်မ ၃၈ ကို ပုဒ်မ ၄၁ အဖြစ် အမှတ်စဉ်ပြောင်းလဲ၍ အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄) ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄) (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅။ )**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄) ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ) ၏နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း။"

၃။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဃ) အား ပုဒ်မခွဲ (င) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။ )**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁ ကို အောက်ပါ ပုဒ်မ ၁ ဖြင့် အစားထိုးရမည် -

"1. This Act shall extend to the whole of the Republic of the Union of Myanmar."

၃။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ရှင်းလင်းချက်တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union, a High Court of the Region or a High Court of the State or a District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် -

(က) အပိုဒ် ၁ ကို ပယ်ဖျက်ရမည်။

(ခ) အပိုဒ် ၁၅၂ နှင့် အပိုဒ် ၁၅၃ တို့၌ ပါရှိသော "the District Court" ဆိုသည့် စကားရပ်ကို "a Court of the Self-Administered Division, a Court of the Self-Administered Zone or a District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အပိုဒ် ၁၅၂-က နှင့် အပိုဒ် ၁၅၄ တို့၌ ပါရှိသော "the State or Divisional Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ် ၁၆၁ ကို ပယ်ဖျက်ရမည်။

(င) အပိုဒ် ၁၆၂ နှင့် ၁၈၃ တို့တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) အပိုဒ် ၁၇၃ တွင် ပါရှိသော "article 161 and" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

**ဥပဒေကြမ်းပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇-က အရ ဖွဲ့စည်းထားသော ဥပဒေကြမ်းပူးပေါင်းကော်မတီကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ပြင်ဆင်ဖွဲ့စည်းမှုနှင့်အညီ အောက်ပါလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးခင်မောင်ရီ | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒေါ်နန်းဝါနု | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်ဝင်း | ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိုးစိုး | ထီးချိုင့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ခင်ဌေးကြွယ် | မော်လမြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်ညို | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးခင်မောင်ရွှေ | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဍ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးအောင်မြသန်း | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးစိုင်းတင်အောင် | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ဒ) | ဦးဟာရှိန်းဘွေ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဓ) | ဦးတင်မြ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (န) | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ပ) | ဦးဝင်းနိုင်ရှိန် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ဖ) | ဦးမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဗ) | ဦးစိုးမြင့် | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဘ) | ဦးဝင်းမောင် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (မ) | ဦးကျော်ကျော် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ယ) | ဦးမောင်အေးထွန်း | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ရ) | ဦးတင်ယု | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) | အဖွဲ့ဝင် |
| (လ) | ဗိုလ်မှူးချုပ်ကျော်ဦးလွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဝ) | ဗိုလ်မှူးကြီးခင်စိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (သ) | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဟ) | ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှစ၍ လွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်း ဖြစ်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ၇-က အရ ဖွဲ့စည်းထားသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းမှုနှင့်အညီ အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဒုတိယနာယက ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးသူရိန်ဇော် | ကော့ကရိတ်မဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးသိန်းဝင်း | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးမင်းဆွေ | ဒိုက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်တင်နွယ်ဦး | မြောက်ဒဂုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးခွန်လိန်း | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုးမြင့် | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဗိုလ်မှူးကြီးမြင့်ကိုကို | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဋ) | ဦးညီညီမြင့် | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးမိုးဇော်ဟိန်း | ကသာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်လင်းလှိုင် | ဘုတ်ပြင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာဝင်းမြင့် | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးဝင်းထိန် | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးဌေးရယ် | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဒ) | ဦးအောင်မြင့်သိန်း | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ဓ) | ဦးမင်းမျိုးတင့်လွင် | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (န) | ဦးစတီဗင်သာဘိတ် | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ပ) | ဦးခမ်ဆွင်းမုန် | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ဖ) | ဦးအောင်ဝင်း | တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဗ) | ဦးမောင်သာခင် | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဘ) | ဦးနု | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (မ) | ဦးစိုင်းဝင်းမောင် | ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ယ) | ဒေါက်တာ<br>စိုင်းဆိုင်ကျော်ဆမ် | ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ရ) | ဦးသိမ်းဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (လ) | ဗိုလ်မှူးချုပ်အောင်စန်းချစ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဝ) | ဗိုလ်မှူးမောင်မောင်ကြီး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (သ) | ဒေါ်ရီရီမြင့် | မွန်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဟ) | ဦးမောင်တိုး | မင်းလှမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှစ၍ ပြည်ထောင်စုလွှတ်တော် ကျန်ရှိသည့်သက်တမ်းအတိုင်း ဖြစ်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

### လွှတ်တော်အစည်းအဝေးရပ်နားချိန်တွင် မဲဆန္ဒနယ်မြေအသီးသီးသို့ လွှတ်တော်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ငွေကြေးသုံးစွဲခွင့်ပြုခြင်း

၁။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေအခန်း (၃) ပုဒ်မ (၆၊ ၇၊ ၈၊ ၉၊ ၁၀) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ပုံမှန်အစည်းအဝေးရပ်နားချိန်ကာလအတွင်း သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးသို့ လွှတ်တော်

ရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် နေ့တွက်စရိတ်၊ ခရီးစရိတ်၊ အခြားအသုံးစရိတ်များနှင့် လွှတ်တော်ရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်များအဖြစ် ကိုယ်စားလှယ်တစ်ဦးလျှင် ကျပ် ၄ သိန်းထက် မပိုသော ကြိုတင်ငွေကို ခွင့်ပြုလိုက်သည်။

၂။ ၎င်းခွင့်ပြုငွေများအား သုံးစွဲမှုအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးခံနိုင်ရန် ငွေကြေးအသုံးစရိတ်များ ထုတ်ယူသုံးစွဲရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၄

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

### တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ၏ သက်တမ်းတိုးမြှင့်ခြင်း

ပြည်သူ့လွှတ်တော်က ဖွဲ့စည်းခဲ့သည့် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၉၄/၂၀၁၄

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

### ပြည်သူ့လွှတ်တော်ကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်း

ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းခဲ့သည့် အောက်ပါကော်မတီ ၁၈ ခု၏သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်

နေ့ရက်၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်လိုက်သည် -

| စဉ် | ကော်မတီအမည် | အမိန့်ကြော်ငြာစာအမှတ် | ရက်စွဲ |
|---|---|---|---|
| ၁။ | နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေး ဆိုင်ရာကော်မတီ | ၁၀/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၂။ | တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ | ၁၁/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၃။ | ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၁၂/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၄။ | စီမံကိန်းများနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ | ၁၃/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၅။ | တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ | ၁၄/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၆။ | နိုင်ငံတကာဆက်ဆံရေးကော်မတီ | ၁၅/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၇။ | စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၁၆/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၈။ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ | ၁၇/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၉။ | အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ | ၁၈/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၀။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီ | ၁၉/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၁။ | ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂၀/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၂။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ | ၂၁/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၃။ | ကျန်းမာရေးမြှင့်တင်မှုကော်မတီ | ၂၂/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၄။ | ပညာရေးမြှင့်တင်မှုကော်မတီ | ၂၃/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၅။ | တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ | ၂၄/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၆။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ | ၂၅/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၇။ | လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂၆/၂၀၁၁ | ၅-၉-၂၀၁၁ |
| ၁၈။ | ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ | ၂၇/၂၀၁၁ | ၅-၉-၂၀၁၁ |

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင် ဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂ နှင့် ပုဒ်မ ၇၀ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေးအတွက် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးတင်မောင်ဦး | ရွှေပြည်သာမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းသန်း | သာပေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းကျော်ဘ | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာဇော်မြင့်မောင် | ကျောက်ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဉာဏ်ဆွေဝင်း | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုးဝင်း | စမ်းချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်ဇင် | ပုဇွန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစိုင်းမောင်တင် | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးစောသိန်းအောင် | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါ်မိမြင့်သန်း | ရေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးအောင်သိန်း | ရွာငံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဒေါ်ဇာတလဲမ်း | ထန်တလန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဗိုလ်မှူးချုပ်တင်စိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဒ) | ဦးဝင်းသိမ်း | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဓ) | ဦးဝင်းမြင့် | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (န) | ဦးခင်မောင်စိုး | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ပ) | ဦးတင်ဝင်း | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဖ) | ဦးအောင်မြင့်ထွန်း | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဗ) | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ဘ) | ဦးသန်းဝင်း | တောင်တွင်းကြီးမဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |

**ကော်မရှင်၏သက်တမ်း**

၂။ ကော်မရှင်၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ အများဆုံး ရက်ပေါင်း ၆၀ သတ်မှတ်သည်။ သို့သော် ကော်မရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေအရ အပြီးသတ်အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်အထိ ကော်မရှင်၏သက်တမ်းကို သတ်မှတ်သည်။

၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မရှင်၏သက်တမ်းကာလအတွင်း ကော်မရှင်အဖွဲ့ဝင်များကို လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ကော်မရှင်သည် ဤအမိန့်ကြော်ငြာစာဖြင့် တာဝန်ပေးသည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ပြီး သင့်လျော်သောစနစ်ကို ရွေးချယ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် ဆောင်ရွက်ရမည်။

(ဂ) ပညာရှင်များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံသား မည်သူ့ကိုမဆို ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဃ) ကော်မရှင်အဖွဲ့ဝင်များသည် အစည်းအဝေးများတွင် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်ရှိသည်။

(င) ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အပေါ် မူတည်၍ လုံခြုံမှုအဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

**ရုံးလုပ်ငန်း**

၅။ (က) ကော်မရှင်၏ရုံးလုပ်ငန်းကိစ္စအဝဝကို ပြည်သူ့လွှတ်တော်က တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျသော အသုံးစရိတ်များ၊ ကော်မရှင်က ဖိတ်ကြားသော ပြင်ပပုဂ္ဂိုလ်များ၏ တည်းခိုနေထိုင်စရိတ်နှင့် ခရီးစရိတ်တို့ကို ပြည်သူ့လွှတ်တော်ရုံး၏ အသုံးစရိတ်မှ ကျခံရမည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**လွှတ်တော်အစည်းအဝေးရပ်နားချိန်တွင် မဲဆန္ဒနယ်မြေအသီးသီးသို့ လွှတ်တော်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ငွေကြေးသုံးစွဲခွင့်ပြုခြင်း**

၁။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးရပ်နားချိန်ကာလအတွင်း ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များကို ဆောင်ရွက်ခွင့်ရှိသည်။

၂။ ယင်းတာဝန်များ ဆောင်ရွက်ခြင်းအတွက် သုံးစွဲကုန်ကျစရိတ်များကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိပြီး လွှတ်တော်အစည်းအဝေး ပြန်လည်စတင်သည့်ရက်မှ (၁၀) ရက်အတွင်း ငွေကြေးအသုံးစရိတ်များ ထုတ်ယူသုံးစွဲရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တင်ပြတောင်းခံရမည်။

၃။ လွှတ်တော်အစည်းအဝေးရပ်နားချိန်တွင် မဲဆန္ဒနယ်မြေအသီးသီးသို့ လွှတ်တော်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ငွေကြေးသုံးစွဲခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄) အား ဤစာဖြင့် ကျော်လွှန်ပယ်ဖျက်လိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ)ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပုဒ်မ ၁၂ ၏နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

"၁၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃။) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄။) တို့ပါ ပုဒ်မ ၉၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဆ) အတွက် အချက်အလက်ရှာဖွေခြင်း စသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်အခါ၌လည်း ဤဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၈ တို့အရ ပြဋ္ဌာန်းထားသောစရိတ်များကို ခံစားခွင့်ရှိသည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**ဦးစီးအရာရှိရာထူး ခန့်ထားခြင်း**

စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄-၂၀၁၅) ဖြင့် ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်

လုပ်ငန်း၊ အမှတ် (၂) ဆေးဝါးစက်ရုံ (အင်ရောင်း) မှ လက်ထောက်မန်နေဂျာ ဒေါ်နွေးနွေးအောင်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၇/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ နုတ်ထွက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းက ၎င်းအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် လက်ခံပြီးဖြစ်ပါ၍ ယင်းပါတီ၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးပါရန် တင်ပြလာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်အရ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းအား ၎င်းပါတီဝင်အဖြစ် ပါဝင်လျက်ရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)**

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ်**

**ပြင်ဆင်သည့်နည်းဥပဒေများ**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၂ (ဇ) ၏နောက်တွင် (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂။ (ဈ) မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်၊ မူဝါဒနှင့်စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်မှု မရှိသည့် ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံချို့ယွင်းသူ၊ အပြော/အကြားအာရုံချို့ယွင်းသူနှင့် ဉာဏ်ရည်မသန်စွမ်းသူများကို ဆိုသည်။"

၃။ နည်းဥပဒေ ၃ (က) တွင် ပါရှိသော "မဲဆန္ဒနယ်အကျယ်အဝန်း" ဆိုသည့် စကားရပ်ကို "မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများစာရင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကလည်းကောင်း ပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများ အပါအဝင်) စာရင်းကို ရယူအခြေခံပြီး ပြုစုရမည်။"

၅။ နည်းဥပဒေ ၆ တွင် ပါရှိသော "မဲစာရင်းတွင် ပါဝင်ခွင့်ရှိသူများ" ဆိုသည့် စကားရပ်၏နောက်တွင် "(မသန်စွမ်းသူများ အပါအဝင်)" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ နည်းဥပဒေ ၉ တွင် ပါရှိသော "သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်းမရှိသေးသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်" ဆိုသည့် စကားရပ်ကို "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိကို လာရောက်ကြည့်ရှုရန် တာဝန်ရှိသည်။ မိမိအမည်ပါဝင်ခြင်းမရှိသေးပါက မဲစာရင်းတွင် ထည့်သွင်းပေးရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေ ၁၀ (က) တွင် ပါရှိသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့် စကားရပ်ကို "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ နည်းဥပဒေ ၁၁ (က) တွင် ပါရှိသော "ပြင်ဆင်၊ ကန့်ကွက်သောပြင်ဆင်လွှာ၊ ကန့်ကွက်လွှာကို ပုံစံ (၄) ဖြင့်လည်းကောင်း" ဆိုသည့် စကားရပ်ကို "ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာကို ပုံစံ (၄) ဖြင့် လည်းကောင်း၊ ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာကို ပုံစံ (၄-က) ဖြင့်လည်းကောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ နည်းဥပဒေ ၁၁ (ဂ) တွင် ပါရှိသော "ပြင်ဆင်လိုလျှင် သို့မဟုတ် ကန့်ကွက်လိုလျှင် ပုံစံ (၄) တွင်" ဆိုသည့် စကားရပ်ကို "ကန့်ကွက်လိုလျှင် ပုံစံ (၄) သို့မဟုတ် ပြင်ဆင်လိုလျှင် ပုံစံ (၄-က) တွင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ နည်းဥပဒေ ၁၅ (ခ) (၂) တွင် ပါရှိသော "တစ်မျက်နှာလျှင် ငွေကျပ် ၂၀၀ နှုန်း" ဆိုသည့် စကားရပ်ကို "တစ်မျက်နှာလျှင် ငွေ ၂၅ ကျပ်နှုန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ နည်းဥပဒေ ၁၈ တွင် ပါရှိသော "ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော" ဆိုသည့် စကားရပ်၏နောက်တွင် "(မသန်စွမ်းသူများ အပါအဝင်)" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ နည်းဥပဒေ ၁၈ (ဂ) တွင် ပါရှိသော "ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး ကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ နည်းဥပဒေ ၂၂ (ဂ) ၏နောက်တွင် (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၂။ (ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့အတွက် စိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ထုတ်ပေးရမည်။"

၁၄။ နည်းဥပဒေ ၂၃ (ဂ) တွင် ပါရှိသော "မြို့နယ်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ နည်းဥပဒေ ၂၄ တွင် ပါရှိသော "မြို့နယ်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်များကို "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်များဖြင့် အစားထိုးပြီး ယင်းစာပိုဒ်၏နောက်တွင် "ယင်းခန့်စာကို မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့က ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးထံ အပ်နှံရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၆။ နည်းဥပဒေ ၂၅ တွင် ပါရှိသော "မြို့နယ်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ နည်းဥပဒေ ၂၇ (ဃ) တွင် ပါရှိသော "ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ နည်းဥပဒေ ၃၁ (က) တွင် ပါရှိသော "၁၅ ရက်အတွင်း" ဆိုသည့် စကားရပ်ကို "ခုနစ်ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ နည်းဥပဒေ ၃၁ (ခ) တွင် ပါရှိသော "မိမိချမှတ်သည့်အမိန့်ကို အယူခံလိုခြင်း ရှိ မရှိ သက်ဆိုင်သူများအား အမိန့်ချမှတ်သည့်နေ့၌ပင် မေးမြန်းပြီး ယင်းတို့၏ဆန္ဒကို သက်ဆိုင်ရာအမှုတွဲတွင် မှတ်တမ်းတင်ထားရမည်။" ဆိုသည့် စကားရပ်ကို "သက်ဆိုင်သူအား အမိန့်ချမှတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်ကြောင်း ပြောကြားပြီးနောက် ထိုသို့ပြောကြားပြီးကြောင်းကို အမှုတွဲတွင် မှတ်တမ်းတင်ထားရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ နည်းဥပဒေ ၃၁ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၁။ (ဂ) အယူခံလိုသူအား အယူခံနိုင်ရန်အတွက် ဆုံးဖြတ်ချက်မိတ္တူမှန်တစ်စောင်ကို အမိန့်ချမှတ်သည့်နေ့တွင် အခမဲ့ထုတ်ပေးရမည်။"

၂၁။ နည်းဥပဒေ ၃၁ (ဃ) တွင် ပါရှိသော "ခုနစ်ရက်အတွင်း" ဆိုသည့် စကားရပ်ကို "အမြန်ဆုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ နည်းဥပဒေ အခန်း (၉) ၏ခေါင်းစဉ်တွင် ပါရှိသော "ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ နည်းဥပဒေ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၇။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရလျှင်ဖြစ်စေ၊ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်လျှင်ဖြစ်စေ၊ အမည်စာရင်းတင်သွင်းထားသူ၏ မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းထားလျှင်ဖြစ်စေ၊ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပေးသွင်းခဲ့သော ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို ယင်းအား သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်အား နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ပုံစံ (၆-ခ) ဖြင့် ပြန်လည်ထုတ်ပေးရမည်။"

၂၄။ နည်းဥပဒေ ၃၈ ကို အောက်ပါအတိုင်း အစားထိုးဖြည့်စွက်ရမည် -

"၃၈။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေများနှင့်ပတ်သက်၍ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရကြောင်း ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို ယင်းတို့အား သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်အား ပုံစံ (၆-ဂ) ဖြင့် ပြန်လည်ထုတ်ပေးရမည်၊

(ခ) ရွေးကောက်တင်မြှောက်ခြင်းမခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း ကြေညာပြီးနောက်တွင် ယင်းတို့အား သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်အား ပုံစံ (၆-ဃ) ဖြင့် ပြန်လည်ထုတ်ပေးရမည်၊

(ဂ) ရွေးကောက်တင်မြှောက်ခြင်းမခံရသည့်အပြင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် မရရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကိုမူ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ဃ) နည်းဥပဒေ ၃၇ နှင့် ၃၈ (က)၊ (ခ) အရ ပြန်လည်ထုတ်ပေးရမည့် ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို အကြောင်းကြားသည့်နေ့မှ ခြောက်လအတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းရမည်။"

၂၅။ နည်းဥပဒေ ၃၉ (က) တွင် ပါရှိသော "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ" ဆိုသည့် စကားရပ်၏နောက်တွင် "(မသန်စွမ်းသူများ အပါအဝင်)" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ပြီး ယင်းစာပိုဒ်၏နောက်တွင် "မဲရုံဆောက်လုပ်ရာတွင် မသန်စွမ်းသူများ အတားအဆီးကင်းမဲ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ထားရှိရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၆။ နည်းဥပဒေ ၃၉ (ဂ) တွင် ပါရှိသော "ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသူများဖြင့်" ဆိုသည့် စကားရပ်ကို "အများပြည်သူ ယုံကြည်လေးစားခြင်းခံရသောမဲဆန္ဒရှင် သို့မဟုတ် ယင်းမဲဆန္ဒနယ်မြေအတွင်းရှိ ဒေသခံပြည်သူများဖြင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ နည်းဥပဒေ ၄၀ အား အောက်ပါအတိုင်း အစားထိုးဖြည့်စွက်ရမည် -

"၄၀။ (က) ရွေးကောက်ပွဲမကျင်းပမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ ယင်းတို့နှင့်သက်ဆိုင်သော ဆန္ဒမဲလက်မှတ်များကို ပုံစံ (၁၁-က) နှစ်စောင်ဖြင့် ထုတ်ပေးရမည်။ ယင်းပုံစံများတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လက်မှတ်ရေးထိုးပြီး တစ်စောင်ကို မိမိမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ် သိမ်းဆည်း၍ ကျန်တစ်စောင်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်ရမည်။

(ခ) ရွေးကောက်ပွဲမကျင်းပမီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာမဲရုံမှူးများသို့ ယင်းတို့နှင့်သက်ဆိုင်သော ဆန္ဒမဲလက်မှတ်များကို ပုံစံ (၁၁-ခ) နှစ်စောင်ဖြင့် ထုတ်ပေးရမည်။ ယင်းပုံစံများတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာမဲရုံမှူးတို့က လက်မှတ်ရေးထိုးပြီး တစ်စောင်ကို မိမိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ် သိမ်းဆည်း၍ ကျန်တစ်စောင်ကို မဲရုံမှူးများသို့ ပေးအပ်ရမည်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးခြင်းမစတင်မီ မဲရုံမှူးသည် မိမိယူလာသော ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၁၁) ဖြင့် မှတ်တမ်းတင်ထားရမည်။ ထို့နောက် မဲပုံးအလွတ်များကို မဲရုံ၌ရှိသော မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များ အပါအဝင် မဲရုံ၌ရှိသူများအား ပြသပြီး မဲပုံးအား သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း လုံခြုံစွာပိတ်၍ မဲရုံအတွင်း မဲရုံမှူးမြင်နိုင်သောနေရာ၌ ထားရှိရမည်။"

၂၈။ နည်းဥပဒေ ၄၁ (ခ) တွင် ပါရှိသော "အမှန် (✔) အမှတ်အသားပြုရမည်။" ဆိုသည့် စကားရပ်ကို "အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကို နှိပ်၍ ဆန္ဒပြုရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၉။ နည်းဥပဒေ ၄၁ (ခ) ၏နောက်တွင် (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၁။ (ဂ) မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း မင်တို့သည့်စနစ်ကို ကျင့်သုံးရမည်။"

၃၀။ နည်းဥပဒေ ၄၂ ကို နည်းဥပဒေ ၄၂ (က) အဖြစ် ပြင်ဆင်ပြီး ယင်းစာပိုဒ်တွင် ပါရှိသော "ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း၊ မျက်မမြင်ဖြစ်လျှင်လည်းကောင်း" ဆိုသည့် စကားရပ်ကို "ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ နည်းဥပဒေ ၄၂ (က) ၏နောက်တွင် (ခ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၂။ (ခ) ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာမဲစာရင်း၌ ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။"

၃၂။ နည်းဥပဒေ ၄၄ တွင် ပါရှိသော "ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က)၊ (ခ) နှင့် (ဂ)" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ)၊ (ဆ)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၃။ နည်းဥပဒေ ၄၅ (ခ) စာပိုဒ်၏နောက်တွင် "လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃၄။ နည်းဥပဒေ ၄၈ (ခ) (၆) ၏နောက်တွင် (၇) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၈။ (ခ) (၇) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားသည့် ရွေးကောက်ပွဲလေ့လာသူများ။"

၃၅။ နည်းဥပဒေ ၅၁ (က) စာပိုဒ်၏နောက်တွင် "ယင်းသို့ မဲဆန္ဒနယ်၏ပြင်ပသို့ ခရီးဝေးသွားရန်ရှိကြောင်း ခိုင်လုံသောအထောက်အထား တင်ပြရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃၆။ နည်းဥပဒေ ၅၁ (ခ) (၁)၊ (၂) နှင့် (၃) တို့အား နည်းဥပဒေ ၅၁ (ခ) (၁)၊ (၂)၊ (၃) နှင့် (၄) အဖြစ် အောက်ပါအတိုင်း အစားထိုးဖြည့်စွက်ရမည် -

"၅၁။ (ခ) ရွေးကောက်ပွဲကျင်းပသောနေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင် လာရောက်ဆန္ဒမဲမပေးနိုင်သော -

(၁) အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ သက်ဆိုင်ရာမဲဆန္ဒရှင်များအား ရွေးကောက်မှု ဆိုင်ရာအခွင့်အရေးအရ ဆန္ဒမဲပေးလိုက ပေးနိုင်ကြောင်းနှင့် ဆန္ဒမဲမပေးလိုက ဆန္ဒမဲ ပေးခြင်း မပြုဘဲနေနိုင်ကြောင်းကို ရှင်းပြရမည်။ သက်ဆိုင်ရာမဲဆန္ဒရှင်က ဆန္ဒမဲ ပေးလိုကြောင်း ပြောပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက် ပေးရမည်။ ယင်းသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကိုယ်တိုင် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ရေးသွင်းရန် အခက်အခဲရှိလျှင် မဲစာရင်းတွင် ပါရှိသော ယင်းပုဂ္ဂိုလ်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမတစ်ဦးဦးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ ဆန္ဒအတိုင်း ယင်း၏ရှေ့မှောက်တွင် ရေးသွင်းရမည်။ ထိုသို့ကူညီမည့်သူမရှိလျှင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးက ယင်းပုဂ္ဂိုလ်၏ရှေ့မှောက်တွင် ယင်းပုဂ္ဂိုလ်က ညွှန်ကြားသည့်အတိုင်း ရေးသွင်းရမည်။

(၂) မသန်စွမ်းသူဖြစ်လျှင် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်ပြီး သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ် သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။

(၃) အချုပ်ခံနေရသူနှင့်ပတ်သက်လျှင် ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း အကြီး အမှူးကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ဆက်သွယ်ပြီး အချုပ်ခံနေရသူများ ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ရဲအချုပ် စခန်း သို့မဟုတ် အကျဉ်းစခန်း အကြီးအမှူးသည် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်၍ ယင်းအချုပ်ခံနေရသူများ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါ စာအိတ် များကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။

(၄) ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာနှင့်ပတ်သက်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ဆေးရုံတာဝန်ခံနှင့် ဆက်သွယ်ပြီး ဆေးရုံ တက်ရောက်နေရသော အတွင်းလူနာများ ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့် နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးရမည်။ ဆေးရုံ

တာဝန်ခံသည် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်း ဆောင်ရွက်၍ ဆေးရုံရှိ သက်ဆိုင်ရာ အတွင်းလူနာများ၏ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။"

၃၇။ နည်းဥပဒေ ၅၁ (ခ) (၄) အား နည်းဥပဒေ ၅၁ (ခ) (၅) အဖြစ် ပြောင်းလဲပြီး ယင်းစာပိုဒ်တွင် ပါရှိသော "နည်းဥပဒေခွဲငယ် (၂) နှင့် (၃)" ဆိုသည့် စကားရပ်ကို "နည်းဥပဒေခွဲငယ် (၃) နှင့် (၄)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၈။ နည်းဥပဒေ ၅၁ (ခ) (၅) ၏နောက်တွင် (၆) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၁။ (ခ) (၆) နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာသူတို့လည်း လိုက်ပါကြည့်ရှုနိုင်သည်။"

၃၉။ နည်းဥပဒေ ၅၁ (ဃ) အား ၅၁ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဇ) အဖြစ် အောက်ပါအတိုင်း အစားထိုးဖြည့်စွက်ရမည် -

"၅၁။ (ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ပေးသော နေ့ရက်နှင့် အချိန်အတွင်း၌သာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ပေးရမည်။ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များ ထည့်သွင်းရန် မဲပုံးများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ် အပါအဝင် ရောက်ရှိနေသူများအား ပြသပြီး ချိပ်ပိတ်ရမည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းကို ယင်းတို့နှင့်သက်ဆိုင်သော မဲစာရင်းများနှင့်ယှဉ်တွဲပြီး ရေးမှတ်ထားရမည်။ ယင်းတို့က ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသည့် စာအိတ်များကို မဲရုံအလိုက် ချိပ်ပိတ်ထားသည့် သက်ဆိုင်ရာမဲပုံးများအတွင်းသို့ ထည့်သွင်း၍ လုံခြုံစွာသိမ်းဆည်းထားရမည်။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် နေထိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ နေအိမ်တွင် မီးဖွားနေသူများ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများ၏ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသည့် စာအိတ်များကိုလည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးရှိ ကြိုတင်ဆန္ဒမဲများ သိမ်းဆည်းထားသည့် သက်ဆိုင်ရာမဲပုံးအသီးသီးတွင် ထည့်၍ သိမ်းဆည်းရမည်။

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမဖွင့်မီ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသည့် ချိပ်ပိတ်ထားသောမဲပုံးအသီးသီးကို သက်ဆိုင်ရာမဲရုံများသို့ သယ်ဆောင်သွားပြီး မဲရုံမှူးထံ အပ်နှံရမည်။ ဤသို့ အပ်နှံရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး လက်မှတ်ရေးထိုးထားသည့် ပုံစံ (၁၃) လေးစောင်နှင့်အတူ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများလည်း တစ်ပါတည်းပါရှိစေရမည်။ ယင်းပုံစံ (၁၃) များတွင် မဲရုံမှူးက လက်မှတ်ရေးထိုး၍ တစ်စောင်ကို သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိ၏မဲရုံတွင် ကပ်ထားရမည်။ ကျန်နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေးအပ်ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် တစ်စောင်ကို သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိ၏ရုံးတွင် ကပ်ထားရမည်။

(ဇ) နည်းဥပဒေခွဲ (က) (ဂ) (ဃ) (င) (စ) နှင့် (ဆ) တို့ပါ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာသူတို့ ကြည့်ရှုနိုင်သည်။"

၄၀။ နည်းဥပဒေ ၅၆ (က) (၁) တွင် ပါရှိသော "သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ နည်းဥပဒေ ၅၄ ပါ အခြားဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ဖြန့်ဖြူးနိုင်ရန် ပုံစံ (၁၅) ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ရမည်။" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း နည်းဥပဒေ ၅၄ (ခ)၊ (ဂ)၊ (င) နှင့် (စ) ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးနိုင်စေရန်အတွက် သက်ဆိုင်ရာ ဌာနအကြီးအမှူးများသည် ပုံစံ (၁၅) များကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံမှ တောင်းယူပြီး မိမိဌာနရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးပေးပို့ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၁။ နည်းဥပဒေ ၅၆ (က) (၃) နှင့် (၄) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၆။ (က) (၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသော ပုံစံ (၁၅) များကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းကို ပုံစံ (၁-၁) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၁) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၁) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။

(၄) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ တောင်းယူရမည်။ ထိုစာရင်းများ ရရှိသည့်အခါ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏စာရင်းကို ပုံစံ (၁-၂) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၂) မိတ္တူတစ်စောင်ကို မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၂) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၄၂။ နည်းဥပဒေ ၅၇ (က) နှင့် (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၇။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ -

(က) (၁) ကော်မရှင်သည် ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို မကြေညာမီ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးနိုင်ရန်အတွက် ပုံစံ (၁၅) များကို နိုင်ငံခြားရေးဝန်ကြီး

ဌာနသို့ ကြိုတင်ပေးပို့ရမည်။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းပုံစံများကို အချိန်မီ ဖြန့်ဖြူးနိုင်ရန်အတွက် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန် ရုံးများထံသို့ ဆက်လက်ပေးပို့ရမည်။

(၂) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ များသည် ကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း မိမိတို့၏ဆန္ဒမဲပေးပိုင်ခွင့်ကို အပြည့်အဝကျင့်သုံးနိုင်ရန် အတွက် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများတွင် ပုံစံ (၁၅) များကို တောင်းခံနိုင်သည်။ သက်ဆိုင်ရာသံရုံးအကြီးအမှူး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးသည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ထံသို့ ယင်းပုံစံ (၁၅) များကို ဖြန့်ဖြူးသည့်အခါ မိမိထံသို့ မည်သည့်နေ့ရက်အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်းကိုပါ တစ်ပါတည်းအကြောင်းကြားရမည်။

× × × × × × ×

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသောပုံစံများကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကို စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းကို ပုံစံ (၁-၃) ဖြင့် သီးခြားရေးမှတ်ထားရမည်။ ရေးမှတ်ထားသည့် ပုံစံ (၁-၃) မိတ္တူတစ်စောင်ကို မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားပြီး မိတ္တူနှစ်စောင်ကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁-၃) တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး ကျန်တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။”

၄၃။ နည်းဥပဒေ ၅၈ (ဂ) တွင် ပါရှိသော “တာဝန်ခံထုတ်ပေးသူက” ဆိုသည့် စကားရပ်၏နောက်တွင် “အမည်ဖော်ပြ၍” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄၄။ နည်းဥပဒေ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၅။ (က) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးခြင်း ပြီးဆုံးလျှင်ပြီးဆုံးချင်း အသုံးမပြုဘဲ ကျန်နေသော ဆန္ဒမဲလက်မှတ်များကို မဲရုံမှူးက မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံ ကိုယ်စားလှယ်များ ရှေ့မှောက်၌ ရေတွက်ပြီးနောက် ပုံစံ (၁၆-၁) ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ် ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။

(ခ) မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်နှင့် နည်းဥပဒေ ၅၁ (ဆ) အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆက်လက်ရေတွက်ရမည်။ ယင်းသို့ရေတွက်ရာ၌ နည်းဥပဒေ ၅၁ (ဆ) အရ မိမိလက်ခံထားရှိသော ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲများကို ဦးစွာရေတွက်ရမည်။ ယင်းမဲပုံးကို မဖွင့်မီ မဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများအား ချိပ်ပိတ်ထားသည့် အခြေအနေအတိုင်းရှိကြောင်း ပြသရမည်။ ထို့သို့ ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။ ဆန္ဒမဲလက်မှတ်များ ရေတွက်ပြီးနောက် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း စာရင်းများကို ပြုစုရမည်။”

၄၅။ နည်းဥပဒေ ၆၆ (က) တွင် ပါရှိသော "မှတ်တမ်းတင်ထားရမည်။" ဆိုသည့် စကားရပ်ကို "ပုံစံ (၁၆) ၏ကျောဘက်တွင် ရေးမှတ်ထားရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၆။ နည်းဥပဒေ ၆၆ (ဂ) စာပိုဒ်၏ရှေ့တွင် "ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာတွင် ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄၇။ နည်းဥပဒေ ၆၆ (ဂ) (၈) ၏နောက်တွင် (၉) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၆၆။ (ဂ) (၉) ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။"

၄၈။ နည်းဥပဒေ ၆၆ (ဃ) စာပိုဒ်၏ရှေ့တွင် "ကြိုတင်ဆန္ဒမဲလက်မှတ်ကို ရေတွက်ရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄၉။ နည်းဥပဒေ ၆၆ (ဃ) (၃) တွင် ပါရှိသော "တာဝန်ခံထုတ်ပေးသူ၏" ဆိုသည့် စကားရပ်နောက်တွင် "အမည်နှင့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅၀။ နည်းဥပဒေ ၆၆ (ဃ) (၉) ၏နောက်တွင် (၁၀) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၆၆။ (ဃ) (၁၀) ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။"

၅၁။ နည်းဥပဒေ ၆၆ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁ (ဆ) အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၆) ဖြင့် ငါးစောင် ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံး သက်သေလေးဦးက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မိမိ၏လက်ဝယ်တွင် ထိန်းသိမ်းထားပြီး ကျန်တစ်စောင်ကို မိမိ၏မဲရုံတွင် ကပ်ထားရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် လက်ခံရရှိသည့် နှစ်စောင်အနက် တစ်စောင်ကို လက်ခံအဖြစ်ထားရှိပြီး တစ်စောင်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။"

၅၂။ နည်းဥပဒေ ၆၆ (ဆ) တွင် ပါရှိသော "နည်းဥပဒေ ၅၁ (ဃ)" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၅၁ (ဆ)" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ယင်းအိတ်အသီးသီးပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ပြီး အထုပ်တစ်ထုပ် ပြုလုပ်ရမည်။" ဆိုသည့် စကားရပ်ကို "ယင်းအိတ်အသီးသီးပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရမည်။ ပယ်မဲအားလုံးကို အိတ်တစ်အိတ်တွင် ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ယင်းအိတ်အား မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များကိုလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ပေးရမည်။ ယင်းအိတ်ပေါ်တွင် မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရမည်။ ထို့နောက် အထက်ဖော်ပြပါအိတ်များအားလုံးကို အထုပ်တစ်ထုပ် ပြုလုပ်ရမည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၅၃။ နည်းဥပဒေ ၆၆ (ဇ) (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (ဇ) (၁) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)၊"

၅၄။ နည်းဥပဒေ ၆၇ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိ မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူများ ရှေ့မှောက်တွင် ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈) တွင် ဖြည့်သွင်းရမည်။ ပယ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ (၁၇-က) တွင် မှတ်တမ်းတင်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးထားရမည်။ ယင်းပုံစံ (၁၈) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ် လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက် သူ၏ တာဝန်သာ ဖြစ်စေရမည်။

(ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ (၁၆) ဖြင့် ရေးသွင်းထားသော လွှတ်တော် ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက် [နည်းဥပဒေ ၄၆ (ခ) နှင့် (ဂ) တို့အရ ရရှိသည့် ဆန္ဒမဲများ အပါအဝင်] နှင့် ပုံစံ (၁၈) အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပုံစံ (၁၉) ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံ (၁၉) တွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိ သက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။ ယင်းစာရင်း တစ်စောင်စီကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။"

၅၅။ နည်းဥပဒေ ၆၉ တွင် ပါရှိသော "ခိုင်လုံသည်၊ မခိုင်လုံသည်" ဆိုသည့် စကားရပ်ကို "ခိုင်လုံမဲ ဖြစ်သည်၊ ပယ်မဲဖြစ်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅၆။ နည်းဥပဒေ ၇၁ ကို အောက်ပါအတိုင်း အစားထိုးဖြည့်စွက်ရမည် -

"၇၁။ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ -

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီအထိသာ လက်ခံရမည်၊

(ခ) နည်းဥပဒေ ၆၂ အရ ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သည့် စာအိတ်များကို ပေးပို့လာသော အခါ ယင်းစာအိတ်များပေါ်တွင် လက်ခံရရှိသည့် အမှတ်စဉ်၊ နေ့ရက်နှင့် အချိန်တို့ကို ဖော်ပြ၍

ပုံစံ (၁၈-၁) တွင် ရေးသွင်းပြီး ယင်းစာအိတ်တို့ကို ချိပ်ပိတ်ထားသည့် မဲပုံးအတွင်းသို့ ထည့်၍ လုံခြုံစွာသိမ်းဆည်းထားရမည်။

(ဂ) မဲရုံပိတ်ချိန်ကုန်ဆုံးသည်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသည့် စာအိတ်များထည့်ထားသော ချိပ်ပိတ်ထားသည့်မဲပုံးကို ဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲများကို ချက်ချင်းရေတွက်ရမည်။

(ဃ) မဲရုံပိတ်ချိန် ညနေ ၄ နာရီနောက်ပိုင်းမှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(င) နည်းဥပဒေခွဲ (ခ)၊ (ဂ) တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲလေ့လာသူတို့လည်း ကြည့်ရှုနိုင်သည်။"

၅၇။ နည်းဥပဒေ ၇၇ တွင် ပါရှိသော "ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို" ဆိုသည့် စကားရပ်ကို "ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်အတူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅၈။ နည်းဥပဒေ ၇၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇၉။ (က) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းနှင့် ကျမ်းကျိန်လွှာကို ရရှိပြီးနောက် နှစ်ရက်အတွင်း နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေ ၇၇ အရ တင်သွင်းသော ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း ပုံစံ (၂၀) မိတ္တူတစ်စုံစီကို မိမိရုံးတွင် အများပြည်သူမြင်နိုင်သည့်နေရာ၌ ကပ်ထားရမည်။

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မိတ္တူကူးယူလိုပါက စာတစ်မျက်နှာလျှင် တစ်မျက်နှာပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ငွေကျပ် ၁၀၀၀ ပေးဆောင်ပါက မဲဆန္ဒရှင်မည်သူမဆို ကုန်ကျစရိတ်စာရင်းမိတ္တူမှန် လျှောက်ထားရယူခွင့်ရှိသည်။"

၅၉။ နည်းဥပဒေ ၈၀ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၀။ (ဃ) ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာသင့်ကြောင်း တင်ပြချက်။"

၆၀။ နည်းဥပဒေ ၈၁ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၁။ (ဃ) ရွေးကောက်ပွဲကုန်ကျစရိတ်ကို သတ်မှတ်ရက်အတွင်း မတင်သွင်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ရန် တင်ပြထားသူများ။"

၆၁။ နည်းဥပဒေ ၈၂ တွင် ပါရှိသော "သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းသည်" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆၂။ နည်းဥပဒေ ၈၇ တွင် ပါရှိသော "၂၁ ရက်အတွင်း" ဆိုသည့် စကားရပ်ကို "၄၅ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆၃။ နည်းဥပဒေ ၉၀ တွင် ပါရှိသော "အမှုစရိတ်အတွက် ငွေကျပ် ၁၀ သိန်း" ဆိုသည့် စကားရပ်ကို "အမှုစရိတ်အတွက် ငွေကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကန့်ကွက်သူတစ်ဦးချင်းအလိုက် ငွေကျပ် ၁၀ သိန်းစီ" ဆိုသည့် စကားရပ်ကို "ကန့်ကွက်သူတစ်ဦးချင်းအလိုက် ငွေကျပ်ငါးသိန်းစီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၆၄။ နည်းဥပဒေ ၉၃ တွင် ပါရှိသော "အမှုစရိတ်အတွက် ငွေကျပ် ၁၀ သိန်း" ဆိုသည့် စကားရပ်ကို "အမှုစရိတ်အတွက် ငွေကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆၅။ နည်းဥပဒေ ၉၉ (က) နှင့် (ခ) တို့တွင် ပါရှိသော "အမှုစရိတ် ငွေကျပ် ၁၀ သိန်း" ဆိုသည့် စကားရပ်ကို "အမှုစရိတ် ငွေကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆၆။ နည်းဥပဒေ ၁၀၆ တွင် ပါရှိသော "ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ အစီရင်ခံစာ တင်သွင်းရမည်။" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာ ထုတ်ပြန်ကြေညာရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆၇။ နည်းဥပဒေပါ ပုံစံ (၁)၊ ပုံစံ (၂)၊ ပုံစံ (၃)၊ ပုံစံ (၃-က)၊ ပုံစံ (၃-ခ)၊ ပုံစံ (၄)၊ ပုံစံ (၄-က)၊ ပုံစံ (၄-ခ) နှင့် ပုံစံ (၆) တို့အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

၆၈။ ပုံစံ (၁-၁)၊ ပုံစံ (၁-၂)၊ ပုံစံ (၁-၃)၊ ပုံစံ (၄-ဂ)၊ ပုံစံ (၆-ခ)၊ ပုံစံ (၆-ဂ) နှင့် ပုံစံ (၆-ဃ) တို့အား ပူးတွဲပါအတိုင်း ဖြည့်စွက်ရမည်။

၆၉။ နည်းဥပဒေပါ ပုံစံ (၈)၊ ပုံစံ (၈-က)၊ ပုံစံ (၁၁) တို့အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

၇၀။ ပုံစံ (၁၁-က) နှင့် ပုံစံ (၁၁-ခ) တို့အား ပူးတွဲပါအတိုင်း ဖြည့်စွက်ရမည်။

၇၁။ နည်းဥပဒေပါ ပုံစံ (၁၃)၊ ပုံစံ (၁၅) နှင့် ပုံစံ (၁၆) တို့အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

၇၂။ ပုံစံ (၁၆-၁) အား ပူးတွဲပါအတိုင်း ဖြည့်စွက်ရမည်။

၇၃။ နည်းဥပဒေပါ ပုံစံ (၁၇) အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

၇၄။ ပုံစံ (၁၇-က) အား ပူးတွဲပါအတိုင်း ဖြည့်စွက်ရမည်။

၇၅။ နည်းဥပဒေပါ ပုံစံ (၁၈) အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

၇၆။ ပုံစံ (၁၈-၁) အား ပူးတွဲပါအတိုင်း ဖြည့်စွက်ရမည်။

၇၇။ နည်းဥပဒေပါ ပုံစံ (၁၉) အား ပူးတွဲပါအတိုင်း အစားထိုးရမည်။

၇၈။ ပုံစံ (၂၀) အား ပူးတွဲပါအတိုင်း ဖြည့်စွက်ရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ (၁)

**လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း**

**၂၀ ခုနှစ်၊ လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း**

[ နည်းဥပဒေ ၄ ]

------------------------------တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်    လွှတ်တော်မဲဆန္ဒနယ်အမှတ် (   )

-----------------------------------မြို့နယ် -------------------ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။    ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။

၂

ရှင်းလင်းချက်။

(၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် “အင်္ဂလိပ်အက္ခရာ” ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန် ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်နှင့် ယာယီသက်သေခံလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

ပုံစံ (၁-၁)

**ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) ဖြင့် တောင်းဆိုသော ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း**
**(ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ)**
[ နည်းဥပဒေ ၅၆ (က) (၃) ]

-----------------------------တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ် ( )
----------------------------------မြို့နယ် ------------------ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ရှင်းလင်းချက်များကို ကျောဘက်တွင် ဖော်ပြထားပါသည်။

၂

ရှင်းလင်းချက်။

(၁) စာတိုင် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။ မြန်မာအက္ခရာဖြင့် ထည့်သွင်းရာ၌ တိကျမှုမရှိလျှင် "အင်္ဂလိပ်အက္ခရာ" ဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ဖော်ပြရန် ဖြစ်ပါသည်။

(၂) စာတိုင် (၄) တွင် မွေးသက္ကရာဇ်ဖော်ပြရာ၌ သက်ဆိုင်ရာဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ မွေးဖွားသည့် ရက်၊ လ၊ ခုနှစ်တို့ကို မြန်မာ (သို့မဟုတ်) အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၃) စာတိုင် (၅) တွင် မှတ်ပုံတင်အမှတ်ဖော်ပြရာ၌ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားလက်မှတ်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ်အမှတ်နှင့် ယာယီသက်သေခံလက်မှတ်အမှတ်တို့ကို ဖော်ပြရန် ဖြစ်ပါသည်။

(၄) စာတိုင် (၈) တွင် နေရပ်လိပ်စာဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန် ဖြစ်ပါသည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

**[ ယခင်အပတ် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃ မှအဆက် ]**

၆၃။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကို သတ်မှတ်သည့် ရပ်ရွာဓလေ့ထုံးစံထက် ကာလကျော်လွန်၍ မြေမမြှုပ်ဘဲ ထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ ဂူသွင်းခြင်း မပြုရ။

၆၄။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော ဘော်ဒါဆောင် သို့မဟုတ် အဆောက်အအုံ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ၊

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်း၊ စားကုန်ပစ္စည်းများ ထုတ်လုပ်သိုလှောင် ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၅။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင် -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၆၆။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ လက်ခံခြင်း၊ မွေးမြူခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း မပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင် ရှင်းလင်းခြင်းမပြုရ။

၆၇။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလ ဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ၊

(ဃ) ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲနှင့်အချိုရည်စက်ရုံများ အခြားစက်ရုံ၊ အလုပ်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ဆ) အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၆၈။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရား ဆောင်ရွက်ရန်မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန် ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စာချုပ် ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ခြင်း

၆၉။ အမှုဆောင်အရာရှိသည် ပုဒ်မ ၇၄ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၇၀။ အမှုဆောင်အရာရှိသည် ပုဒ်မ ၆၉ တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ပထမအကြိမ် ကျူးလွန်သူ အား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၅၀၀၀မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ် နိုင်သည်။

၇၁။ ပုဒ်မ ၇၀ အရ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ ချမှတ်သည့်ပြစ်မှုအတွက် ဒဏ်ငွေပေးဆောင်ပြီး ဖြစ်ပါက တရားရုံးတွင် ထပ်မံ၍ တရားစွဲဆိုခြင်းမပြုရ။

၇၂။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အဖြစ် ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ပုဒ်မ ၇၄ အရ တရားစွဲဆိုခွင့် ရှိစေရမည်။

၇၃။ ဝန်ကြီးသည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ် နိုင်သည်။

## အခန်း (၁၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၄။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။ ဒဏ်ငွေဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ်တစ်လထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၇ (င) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၁၇ (စ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၁၇ (ဆ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ |
| ၁၉ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၁၉ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၁၉ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူလမ်း၊ တစ်စုံတစ်ဦး၏ အိမ်ခြံမြေနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ အုတ်ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၁၉ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ မိမိအိမ်ခြံအတွင်း၌သာ တည်ဆောက်စေခြင်း၊ |
| ၁၉ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့်မြေကို ဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၀ (က) | အမှိုက်များစွန့်ပစ်ရန် အမှိုက်ပုံး၊ အမှိုက်အိတ်များ ထားရှိစေခြင်း၊ အဖွဲ့မှသတ်မှတ်သည့် နည်းလမ်းအတိုင်း စွန့်ပစ်စေခြင်း၊ |
| ၂၁ (ဃ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုရမည့် အဆောက်အအုံပွဲခင်းမြေနေရာကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၃ | အနေ့းယာဉ်တည်ထောင်ခွင့်လိုင်စင်မရှိဘဲ အနေ့းယာဉ်ကို တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၂၄ | အနေ့းယာဉ်မောင်းလိုင်စင်မရှိဘဲ အနေ့းယာဉ်မောင်းနှင်ခြင်း၊ |
| ၂၅ | အနေ့းယာဉ်ပိုင်ရှင်နှင့် အနေ့းယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၆၀ (ခ) | လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၆၁ (ခ) | လမ်းနှင့်လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ခင်းကျင်း ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေး ရေဆိုးရေပုပ်တို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မပေး ထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့်ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ခ) | မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း။ |

ရှင်းလင်းချက်။ အထက်ဖော်ပြပါ ဇယားတိုင် (၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်ပါသည်။

၇၅။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀မှ အများဆုံး ကျပ် ၁၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၇ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၁၇ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားလမ်းစင်္ကြံ၊ တံတားပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်း (သို့မဟုတ်) ဆောက်လုပ်ဆဲကို ဖယ်ရှားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ |
| ၁၇ (ဂ) | လမ်းတံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသောအဆောက်အအုံ၊ ခြံစည်းရိုး၊ ဈေးဆိုင်၊ သစ်ပင်တို့ကို ပြုပြင်စေခြင်း၊ ဖယ်ရှားစေခြင်း၊ |
| ၁၇ (ဃ) | အန္တရာယ်ရှိသောအဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၉ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ၊ နေအိမ်အခန်းတွဲတို့မှ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊ မြေကို ပြုပြင်စေခြင်း၊ |
| ၁၉ (င) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ၊ နေအိမ်အခန်းတွဲတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၁၉ (ဈ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကို ဖြတ်၍ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှု လျော်ကြေးငွေ ပေးစေခြင်း၊ |
| ၂၀ (ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၀ (ဂ) | တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ |
| ၂၁ (က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ ရပ်ဆိုင်းစေခြင်း၊ |
| ၆၀ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဂ) | လမ်း၊ လမ်းနယ်နိမိတ်အတွင်း၌ အဖွဲ့၏ခွင့်ပြုချက်ဖြင့် (သို့မဟုတ်) အဖွဲ့၏အစီအစဉ်ဖြင့် စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်များအား မူလအနေအထား တစ်စုံတစ်ရာကိုမျှ ထိခိုက်ပျက်စီးမှုရှိအောင် မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၁ (ဃ) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (င) | ဝင်ထွက်နိုင်သောလမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (က) | အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (ဃ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (က) | လူသေအလောင်းကို သတ်မှတ်သည့် ရပ်ရွာဓလေ့ထုံးစံထက် ကာလကျော်လွန်၍ မထားရန် တားမြစ်ခြင်း၊ |
| ၆၃ (ခ) | ကူးစက်ရောဂါဖြင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ ထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ ဂူသွင်းခြင်း မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၄ (က) | တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော ဘော်ဒါဆောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ခ) | စားသောက်ဆိုင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံ စသည့် စားသောက်ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (က) | ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာ တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဃ) | ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၆၇ (င) | ရေခဲနှင့်အချိုရည်စက်ရုံများ၊ အခြားစက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (စ) | အပေါင်ဆိုင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဆ) | အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |

ရှင်းလင်းချက်။ အထက်ဖော်ပြပါ ဇယားတိုင်(၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်ပါသည်။

၇၆။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး တစ်နှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၂၀ (င) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်ခြင်း၊ |
| ၂၁ (ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၆၅ (က) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (ခ) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့် ပတ်သက်သောပစ္စည်းများ ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း။ |

ရှင်းလင်းချက်။ အထက်ဖော်ပြပါ ဇယားတိုင်(၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်ပါသည်။

၇၇။ မည်သူမဆို ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ ထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၄ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်း ပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀၀၀ ချမှတ်ခြင်းခံရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၇၅ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်း ပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၁၀၀၀၀ ချမှတ်ခြင်းခံရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၆ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်း ပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀၀၀ ချမှတ်ခြင်းခံရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၆၈ တွင်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၈၂။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး တစ်နှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀၀ ထိ ချမှတ်ခြင်းခံရမည်။

(ခ) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀မှ အများဆုံး ကျပ် ၁၀၀၀၀၀ ထိ ချမှတ်ခြင်းခံရမည်။

(ဂ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်း တစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၃။ (က) ပုဒ်မ ၃၆ ကို ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၏ကိုယ်စား တာဝန်ပေးအပ်သူက တရားစွဲဆိုရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရ စွဲဆိုသောအမှုများကို သက်ဆိုင်ရာ အမှုဆောင်အရာရှိ သို့မဟုတ် အမှုဆောင်အရာရှိမှ တာဝန်ပေးအပ်သော အရာထမ်း သို့မဟုတ် အမှုထမ်းကသာ တရားစွဲဆိုရမည်။

၈၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဤဥပဒေအရ မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက် ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အကူအညီကို ရယူဆောင်ရွက်ရမည်။

၈၅။ ဤဥပဒေပုဒ်မ ၈၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၈၂ ပုဒ်မခွဲ (ခ) တို့အရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၁၉)

## အထွေထွေ

၈၆။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသော အဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းများဖြစ်ပါက သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါ အတိုင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည် -

(က) တိုင်းဒေသကြီးအတွင်းဖြစ်ပါက ဝန်ကြီး၏ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ခ) အခြားတိုင်းဒေသကြီးများနှင့်ဆက်စပ်နေပါက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညှိနှိုင်းခွင့်ပြုချက်ကို ရယူဆောင်ရွက်ခြင်း။

၈၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဝန်ကြီးသည် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သောလုပ်ငန်းများနှင့်ဆက်နွှယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှု အရ ကောက်ခံရရှိသည့်အခွန်၊ အခများနှင့် တပ်ရိုက်သောဒဏ်ငွေများမှ သင့်လျော်သော အခွန်၊ အခနှင့် ဒဏ်ငွေအချိုးအစားကို စည်ပင်သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြ ဆောင်ရွက်နိုင်သည်။

၈၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ယခင်စည်ပင်သာယာရေးဥပဒေများအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

၈၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် လုပ်ငန်းဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၉၀။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက် အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့သို့ ကြိုတင်အကြောင်းကြားရမည်။

၉၁။ ဤဥပဒေအရပြုသည့် သက်ဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ခြင်းမပြုမီ စည်ပင်သာယာရေးဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၉၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် ဤဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် ဤဥပဒေနှင့်သက်ဆိုင်သည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဉာဏ်ဝင်း၊
ဝန်ကြီးချုပ်၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၄) ကို ရည်ညွှန်း၍ အောက်ပါ အရာထမ်း (၁၀) ဦးတို့သည် ဦးစီးအရာရှိ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဒေါ်စိုးစိုး

(ခ) ဒေါ်မြမြစန်း

(ဂ) ဒေါ်ရည်မွန်သူ

(ဃ) ဒေါ်သီသီဝင်း

(င) ဒေါ်စောမြသီတာ

(စ) ဦးနေဝင်းမောင်

(ဆ) ဒေါ်မေသက်ခိုင်

(ဇ) ဦးဇော်မျိုးလွင်

(ဈ) ဒေါ်ကေသီမြင့်

(ည) ဒေါ်ဇင်မာဝင်း

၂။ အဆိုပါ အရာထမ်း (၁၀) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၄၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) မှ ကြည်း ၂၂၈၀၆ ဗိုလ်မှူးမြတ်မိုးအား ပြည်သူ့လွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ ညနေပိုင်းမှစ၍ ခန့်ထားလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် )

အမှတ် ၉၉/၂၀၁၄ ။ ။ ကာကွယ်ရေးဌာနကောင်စီ ညွှန်ကြားလွှာအမှတ် ၂/၂၀၁၃ နှင့် ကိုက်ညီမှုရှိသည့် အောက်ဖော်ပြပါ စစ်သည် (အစားခန့်) အရပ်သား/အရပ်သူ လုပ်သက်ရင့် အရာခံဗိုလ် (ပထမတန်း) အား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၄) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ဦးစီးအရာရှိ (အစားခန့်) အရပ်သားအရာထမ်းအဖြစ် ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်နေ့မှ အစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| စဉ် | ဝန်ထမ်းအမှတ် | အဆင့် | အမည် | လက်ရှိရာထူး |
|---|---|---|---|---|
| ၁ | အ/၇၇၆၀၁ | အရခဗ | ဒေါ်နွယ်နွယ် | သတင်းကြေညာသူ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

IN THE MATTER OF THE MYANMAR COMPANIES ACT AND

**CITY & NATURE COMPANY LIMITED (MYANMAR BRANCH)**

NOTICE FOR VOLUNTARY WINDING UP UNDER SECTION 206 (1) & CLAIMS NOTICE

At an Extraordinary General Meeting of the shareholders of the Company held at its Registered Office at Traders Hotel, 223 Sule Pagoda Road, G.P.O Box 888, Kyauktada Township, Yangon, Myanmar at 9:00 AM on 21-8-2014, the following resolutions were passed as Special Resolutions:

Resolved-

(1) "that the Company, be, and is hereby decided to be wound up voluntarily".

(2) "that Daw Tin Win Yu, be, and is hereby appointed Liquidator of the Branch Company for the purpose of such winding up and authorised to carry on the business of the Branch Company to such extent and for such period as may be necessary for the voluntary winding up thereof and be granted such other powers as may be deemed fit or proper".

And Claim Notice is also hereby issued by liquidator:

I, the under signed Liquidator of the above named company, have fixed the date for liquidation at 21-9-2014. The creditors of the above named company are requested to submit their claims together with the detail evidence of the debts and the claims after the Liquidation date will not be considered for the benefit as creditors.

Mr. Kim Hyun Jun
Branch Manager
City & Nature Co., Ltd
(Myanmar Branch)

Daw Tin Win Yu
Liquidator
FAMAT GROUP
Ph : 01-2304349, 01-523327

## ဖျက်သိမ်းရန်ကြေညာချက်

၁။ **Vantage Gems Company Limited** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၀-၈-၂၀၁၄) နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၈၉၊ ဒုတိယထပ် (ဝဲ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ဝင်းရီ B.Com, AA, (RA), CPA (အစိုးရအသိအမှတ်ပြု လက်မှတ်ရစာရင်းကိုင်နှင့်စာရင်းစစ်) [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ခင်ဝင်းရီနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးစိုင်းသန်းအောင်
အုပ်ချုပ်မှုဒါရိုက်တာ
VANTAGE GEMS CO., LTD

ဒေါ်ခင်ဝင်းရီ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.Com, AA (RA), CPA
၀၉-၅၄၀၇၇၂၀

## ရတနာကောင်းမွန် ကျောက်မျက်ကုမ္ပဏီလီမိတက်

## Yadanar Kaung Mon Gems Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"ရတနာကောင်းမွန် ကျောက်မျက်ကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၇-၈-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၇-၉-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ဝင်းသန်း
မန်နေးဂျင်းဒါရိုက်တာ
ရတနာကောင်းမွန် ကျောက်မျက်ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

## ရွှေဟိန်းထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

## Shwe Hein Htet Trading Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"ရွှေဟိန်းထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၈-၈-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၈-၉-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဝင်းနိုင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေဟိန်းထက် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

## ငါးထောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

## Five Thousand Construction Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"ငါးထောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၉-၈-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၉-၉-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ဝေဝေမွန်
မန်နေးဂျင်းဒါရိုက်တာ
ငါးထောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

## စိမ်းလှိုင်လှိုင် ကျောက်မျက်ကုမ္ပဏီလီမိတက်
## SEINN HLAING HLAING GEMS CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **စိမ်းလှိုင်လှိုင် ကျောက်မျက်ကုမ္ပဏီလီမိတက် (SEINN HLAING HLAING GEMS CO., LTD.)** အား (၂၁-၈-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သင်းဟန်စိုး
Managing Director
Seinn Hlaing Hlaing Gems Co., Ltd

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ဒတ်ရှင်းလေဒီ ဖက်ရှင်ဒီဇိုင်း ဆားဗစ်(စ်)ကုမ္ပဏီလီမိတက်
## Dashing Lady Fashion Design Services Company Limited. အား
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၂-၉-၂၀၁၄ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၁၆၄)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ်-၈၃ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## နေရဲ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

## Ne Ye' Gems & Jewellery Company Limited. အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - ၂၂-၉-၂၀၁၄
ကျင်းပမည့်အချိန် - နံနက် (၁၂း၃၀) နာရီ
ကျင်းပမည့်နေရာ - အမှတ် (၈)၊ ကျေးတမာလမ်း၊ ၁၄/၂ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဥ်-၂၁၂၉၆)
အမှတ်-၈၃ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၂၂-၈-၂၀၁၄။